# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## မူပိုင်ခွင့်ဦးစီးဌာန

## လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၂**

**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်**

**(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်တွင် လစ်လပ်လျက်ရှိသော အောက်ပါ ရာထူးနေရာများတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| | ရာထူး၊ လစာနှုန်း | နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁၁ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူ |
| (ခ) | ယာဉ်မောင်း(၅)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၆ နေရာ | အနိမ့်ဆုံးအခြေခံပညာမူလတန်းအောင်၊<br>ယာဉ်မောင်းလိုင်စင်(ခ)ရရှိပြီးသူ |
| (ဂ) | လုံခြုံရေး (၅)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၁ နေရာ | အနိမ့်ဆုံးအခြေခံပညာမူလတန်းအောင် |
| (ဃ) | သန့်ရှင်းရေးအကူ<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၂ နေရာ | အနိမ့်ဆုံးအခြေခံပညာမူလတန်းအောင် |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အငယ်တန်းစာရေးရာထူးအတွက် ၃၁.၁၁.၂၀၂၂ ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။(လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။) ကျန်ရာထူးများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသူဖြစ်ရမည်။

(င) ဌာနဆိုင်ရာတစ်ခုခုတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြစ်မှု၊ ပြစ်ဒဏ် တစ်ခုခုကျခံခဲ့သူ၊ နုတ်ထွက်ခဲ့သူ မဖြစ်စေရ။

၃။ လျှောက်လွှာတွင်-

(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်။

(ခ) မွေးသက္ကရာဇ်။

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ။

(ဃ) လျှောက်ထားလိုသည့်ရာထူး။

(င) ပညာအရည်အချင်း၊ အောင်မြင်သည့် ခုနှစ်နှင့်အောင်မြင်ခဲ့သည့်ကျောင်း/တက္ကသိုလ်။

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏အလုပ်အကိုင်။

(ဆ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်။

(ဇ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံနှင့်ဖုန်းနံပါတ်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ။

(ခ) အငယ်တန်းစာရေးရာထူးအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ။

(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းပြန်တမ်းဝင်အရာရှိတစ်ဦး၏ထောက်ခံချက်မူရင်း။

၅။ လျှောက်လွှာကို မူပိုင်ခွင့်ဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်သို့ ၂၅. ၁၁. ၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော၊ အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၆။ ပထမရွေးချယ်ခံရသူများကို ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။

၇။ အငယ်တန်းစာရေးရာထူးနေရာအတွက် ရေးဖြေစာမေးပွဲကို အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ကွန်ပျူတာကျွမ်းကျင်မှု(လက်တွေ့)ကို ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲကို ၈.၁၂-၂၀၂၂ ရက်နေ့တွင် စစ်ဆေးမည်ဖြစ်ပါသည်။

၈။ ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၄-၁၂-၂၀၂၂ ရက်နေ့ထိ အငယ်တန်းစာရေး၊ ယာဉ် မောင်း-၅၊ လုံခြုံရေး-၅ နှင့် သန့်ရှင်းရေးအကူ ရာထူးနေရာများအတွက် လူတွေ့/ လက်တွေ့ စစ်ဆေးမည်ဖြစ်ပါသည်။

၉။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၅.၁၂.၂၀၂၂ ရက်နေ့ နှင့် ၆.၁၂.၂၀၂၂ ရက်နေ့များတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ မူပိုင်ခွင့်ဦးစီးဌာန၊ ရုံးအမှတ်(၅၂) ၊ နေပြည်တော်တွင်ထုတ်ယူနိုင်သည်။

၁၀။ အသေးစိတ် သိရှိလိုပါက မူပိုင်ခွင့်ဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော် သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၇၁ နှင့် ၀၆၇-၃၄၃၀၅၈၄ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

မူပိုင်ခွင့်ဦးစီးဌာန